# ဆရာတင်မိုး၏ ကျေးလက်ကဗျာရေးဟန်

ခင်မြဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိကဗျာကဏ္ဍတွင်ပါဝင်သော ဆရာတင်မိုး၏ကျေးလက်ကဗျာရေးဟန်ကိုလေ့လာထားသောစာတမ်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာကျေးလက်လူနေမှုဘဝကို ပေါ်လွင်စေသည့်စာဆို၏ရေးဟန်ကိုသိရှိစေရန်ဖြစ်ပါသည်။အလေ့လာခံအဖြစ်ဆရာတင်မိုး၏ကဗျာပေါင်းချုပ်မှ အမိမြေအဖမြေ၊ လက်ယက်တွင်းနှင့်ယမင်းပျို မကြေးမုံတို့ရွာ၊ တောကျေး လက်ကအပ်ချုပ်ဆိုင်၊ အညာကျေးစသည့်ကျေးလက်ကဗျာ(၅)ပုဒ်ကိုလေ့လာတင်ပြထားပါသည်။ ကျေးလက် ကဗျာများတွင်တွေ့ရသောဆရာတင်မိုး၏ စကားသုံးဖွဲ့နွဲ့ဟန်၊အရေးဝါကျအပြောဝါကျဟန်၊လေသံတို့ ကြောင့်ကဗျာတွင်ကာရန်နရီစီးဆင်းမှု၊ အသံသာမှု၊ ရေးဟန်ကွဲပြားမတို့ဖြစ်ပေါ် လာပုံကိုပေါ်လွင်စေရန်ရေးဟန်ပညာနည်းနာဖြင့်ချိန်ထိုးကာ စာဆို၏ကဗျာစာပေအပေါ်ထားရှိသောစာပေတန်ဖိုးကို ဖော်ထုတ်လိုခြင်းဖြစ်ပါသည်။ စကားအသုံးအနှုန်းဟန်လေသံများကြောင့်စာဆို၏ ကဗျာအပေါ်ထားရှိသော ခံစားချက်နှင့်စေတနာတို့ကိုဆက်စပ်လေ့လာနိုင်မည်ဖြစပါသည်။

သော့ချက်ဝေါဟာရများ – စကားသုံးနှုန်းဟန်၊အရေးဝါကျအပြောဝါကျဟန်၊ လေသံ

## နိဒါန်း

စာပေအရေးအဖွဲ့တွင် ဘာသာစကားသည် တစ်ခုအပါဝင်ဖြစ်သည်။ ထိုဘာသာစကားကို ခြေခြေမြစ်မြစ်နားလည်စေရန်စာပေ၏အရည်အသွေးကို စိတ်ဖြာလေ့လာခြင်းသည် ရေးဟန်ပညာပင်ဖြစ်ပါသည်။စာဆိုတို့သည် စိတကူးစိတ်သန်းများကို သိမ်မွေ့သောစကားလုံးများ၊ ဝါကျများ၊ လေသံများဖြင့်ပေါင်းစပ်ကာ ခံစားမှုများစေတနာများထည့်သွင်း၍ စကားပြေ၊ ကဗျာများတွင်ရေးဖွဲ့လာကြရာတွင်ဆရာတင်မိုးလည်းအပါအဝင်ဖြစ်ပါသည်။ ဆရာတင်မိုး၏ကဗျာများကို ယခင်ကလေ့လာချက် (အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း)၊ အတွေးအရေးတို့ဖြင့်ရေးသားသော စာတမ်းများသာရှိခပြီး၊ ယခုဤစာတမ်းတွင်ဆရာတင်မိုး၏ ကျေးလက်ကဗျာရေးဟန်မှစကားသုံးနှုန်းဟန်၊ အရေးဝါကျအပြော ဝါကျဟန်၊လေသံများဖြင့် ခွဲခြမ်းစိတ်ဖြာကာလေ့လာတင်ပြခြင်း ဖြစ်ပါသည်။ ဆရာတင်မိုး၏ရေးဟန် ကြောင့် ကျေးလက်လူမှုဘဝ လှုပ်ရှားရန်းကန်နေထိုင်မှုများ၊ ကျေးလက်ဓလေ့စရက်သဘာဝများ၊ ရးသားပွင့်လင်းသောစကားသုံးများဖြင့် ပြောဆိုတတ်သောစရက်သဘာဝများသာမက စာဆို၏စာပေဟန် ပေါ်လွင်လာမည်ဖြစ်ပါသည်။

ဤစာတမ်းသည် ရေးဟန်ဟူသည်အဘယ်နည်း၊ တင်မိုး၏ကျေးလက်ကဗျာများမှ စကားသုံးများ၊ ဝါကျများ၊ လေသံများသည် ကျေးလက်ဒေသအပေါ်ထားရှိသော စာဆို၏စေတနာကို မည်ကဲ့သို့ ဖော်ပြနိုင်သနည်းဟူသည့်သုတေသနမေးခွန်းများကို လေ့လာဖော်ထုတ်ထားသောစာတမ်းဖြစ်ပါသည်။

စာဆို၏ကျေးလက်ကဗျာများမှ ရေးဟန်များကို လေ့လာဖော်ထုတ်ထားသောစာတမ်းဖြစ်သည့်အတွက် ဆရာမောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်း၊ စကားပြေသဘောတရား စကားပြေ

---

* တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

အတတ်ပညာ စာအုပ်မှ အယူအဆများ၊ နည်းနာများ၊ ဖွင့်ဆိုချက်များ၊ ဆရာဇေယျ၏ မြန်မာ့မျက်ပွင့် စာစလေ့စာအုပ်မှ အယူအဆများ၊ ဆရာဒဂုန်တာရာ၏ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှုစာအုပ်မှ အယူအဆများ၊ ဆရာဦးမြင့်ကြည်၏ တက္ကသိုလ်မောင်မောင်ကြီး၏ နိုင်ငံတော်မျက်နှာစာအုပ်မှ အယူအဆများ၊ ဆရာတင်မိုး၏ ပုဂံကျောင်း ကခေါင်းလောင်းသံစာအုပ်နှင့် ကဗျာပေါင်းချုပ်(၁)စာအုပ်မှ အချက်အလက်များ လူးကပ်စ်[၁]၏ ဟန်ဗေဒ[၂]စာအုပ်မှ ရေးဟန် ဆိုင်ရာနည်းနာများ၊ အယူအဆများကို ဤစာတမ်းတွင် အကိုးအကားများ၊ အထောက်အထားများအဖြစ် သတ်မှတ်သုံးစွဲပါသည်။

## ၁။ တင်မိုး၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာတင်မိုးကို မြင်းခြံခရိုင် တောင်သာမြို့နယ်ကန်မြဲရွာ၌ အဖစက်ချုပ်ဆရာကြီး ဦးဘအို အမိ ဒေါ်စံထယ်တို့မှမြန်မာသက္ကရာဇ် (၁၂၉၅)ခုနတ်တော်လဆန်း(၃)ရက်တနင်္ဂနွေနေ့တွင ဖွားမြင်သည်။ မွေးချင်း(၃)ယောက်တွင်ဒုတိယမြောက်သားဖြစ်ပြီး အမည်ရင်းမှာဦးဘဂျမ်းဖြစ်ပါသည်။ ဆရာတင်မိုး သည၉ဂျမ်းတိုင်းရင်းအလယ်တန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ ရေစကြိုအထက်တန်း ကျောင်းတွင်ဆဋ္ဌမတန်းမှစတင်ပညာသင်ယူခဲ့ကာ (၁၉၅၇)ခုတွင် ဒသမတန်းကိုမြန်မာတစ်နိုင်ငံလုံး တွငမြန်မာစာအမှတ်အများဆုံးဖြင့် ဂုဏ်ထူးထွက်အောင်မြင်ခဲ့သည်။ (၁၉၅၀)ပြည့်နှစ် ဗဟိုရ်ရိစည် သတင်းစာတွင်ကန်မြဲသက်နှင်းကလောင်အမည်ဖြင့် ဝါကျွတ်သဘင်ကဗျာသည် ပထမဆုံးပုံနှိပကဗျာ ဖြစ်လာပါသည်။ ထိုနောက်တွင် (၁၉၅၈)ခုနှစ်တွင်အခိုးခံရသော ကာရန်ကလေးကဗျာမှစတင်၍ တင်မိုးကလောင်အမည်ဖြင့်ကဗျာများစတင်ရေးဖွဲ့လာခဲ့ပါသည်။ (၁၉၅၈)ခုနှစ်တွင် မန္တလေးတက္ကသိုလ် သို့ တက်ရောက်ပြီး ကျောင်းသားသမဂ္ဂအသင်းစာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၆၀–၆၁) ခုနှစ်တွင်ရန်ကုန်တကသိုလ်သို့ ပြောင်းရွှေ့ပညာသင်ယူကာရေးရေးဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ (၁၉၆၃)ခုနှစ်တွင် ရန်ကုန်မြို့၌မမြင့်မြင့်စန်းနှင့်လက်ထပ်ခဲ့သည်။ (၁၉၉၀)ခုနှစ်နိုဝင်ဘာလ(၁၇)တွင်ဇနီးဒေါ်မြင့်မြင့်စန်း ကွယ်လွန်ခဲ့သည်။ (၁၉၅၉)တွင်ကိုရင်ဂျမ်းရဲ့ပန်းလက်ဆောင်၊ ဖန်မီးအိမ်(စာပေဗိမာန်ဆုရ)၊ (၁၉၆၃) တွင်လှေတစ်စင်းနှင့်ခရီးသည်၊ (၁၉၆၄)တွင်အဖိုးကဝိကဗျာများ၊ (၁၉၆၅)တွင်အမေ့ကျောင်း၊ (၁၉၆၆) တွင်လူလေးကြီးရင်ဘာလုပ်မယ်၊ (၁၉၆၇)တွင် ပန်းဈေးခင်း၊ (၁၉၆၉)တွင် စိမ်းလနးသောအိပ်မက်၊ ပိတောက်မှသရဖီသို့(အမျိုးသားစာပေဆုရ)၊ (၁၉၇၀)တွင် ထီးကလေးနဲ့မနီ (အမျိုးသားစာပေဆု (ကလေးစာပေ)ဆုရ)၊ (၁၉၇၁)တွင်ပျိုးခင်းတေးသံ၊(၁၉၇၂)တွင်ခုနစ်စင်ကြယ်၊ (၁၉၇၃)တွင်နှင်းဆီပွင့် ပေါ်အိပ်ပျော်ခြင်း၊ (၁၉၇၅)တွင်ပူစီ၊ (၁၉၇၇)တွင်ပုဂံကျောင်းကခေါင်းလောင်းသံ၊ ကလေးကဗျာ ပန်းဥယျာဉ်စသောကဗျာစာအုပ်တို့ကိုထွက်ရှိခဲ့ပြီး(၁၉၉၆)ခုနှစ် ဩဂုတ်လ(၁၁)ရက်နေ့တွင်အမေရိကန် နိုင်ငံသို့ထွက်ခွာခဲ့သည်။

ထိုနောက်ဆရာတင်မိုးသည်ပြည်ပတွင်(မြန်မာပိုင်း)ဗွီအိုအေ ၊ ဘီစီအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီ၊မြန်မာအင်တာနက်၊ ရေဒီယို၊ စာနယ်ဇင်းများတွင်စာများရေးသားခြင်း ကဗျာရွတ်ခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ ဆရာကြီးသည်(၂၀၀၇)ခုနှစ် ဇန်နဝါရီလ(၂၂)ရက်နေ့ညနေ(၆)နာရီ ၊ အသက် (၇၄)နှစ်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ကွယ်လွန်ခဲ့ ပါသည်။

---

[၁] Lucas,F.L

[၂] Style

## ၂။ ရေးဟန်၏အဓိပ္ပာယ်နှင့်သဘောသဘာဝ

ရေးဟန်ဟသည် စာရေးသူတို့ရေးသားထားသောစာတစ်ပုဒ်၊ကဗျာတစ်ပုဒ်ကိုမည်သို့ရေးသားထားသည်ဟူသည့်အကြောင်းကိုလေ့လာသောပညာရပ်ဖြစ်သည်။ရေးသားမည့်အကြောင်းအရာရေးသူ၏စေတနာရည်ရွယ်ချက်၊စာဖတ်ပရိသတ်၊နေရာဒေသစသည့်စာရေးသူ၏အခြေအနေအရပ်ရပ်တို့သည်ရေးဟန်တွင်ထင်ဟပ်နေပါသည်။ရေးဟန်နှင့်ပတ်သက်၍အနောက်တိုင်းစာပေပညာရှင် လူးကပ[၁]က

> ဟန်ဆိုသည်မှာ စာရေးသူသည် ကိုယ့်အကြောင်းကိုယ့်စကားအားဖြင့်
> လည်းကောင်းစာအားဖြင့်လည်းကောင်းဖော်ပြသည့်နည်းလမ်းဖြစ်သည်။[၂]

ဟ၍လည်းကောင်း၊ မြန်မာစာပေပညာရှင်ဆရာဇေယျက–

> ရေးဟန်ဟူသည် စာရေးသူ၏ခံစားမှုအတွေးအမြင်စသော စိတ်အမူအရာကို
> အခြေပြုကာ ပုံပေါ်လာရသည့်သွင်ပြင်ဟုလည်းဆိုသည်။[၃]

ဟူ၍လည်းကောင်း၊ ဆရာကြီးဒဂုန်တာရာကလည်း

> စာပေဟန်ဆိုသည်မှာ စာပေအရေးအသားတွင်စာရေးဆရာ တစ်ယောက်၏
> ရေးသားပုံ အမူအရာကို စာပေဟန်ဟုခေါ်ကြပေသည်။[၄]

ဟူ၍လည်းကောင်းဖွင့်ဆိုထားပါသည်။ ထို့ကြောင့်ရေးဟန်ဟူသည် စာရေးသူ၏ခံစားချက်၊ စေတနာရည်ရွယ်ခ|က်၊ ရေးသူ၏စိတ်ကူးတို့မှအခြေပြုပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ဆိုပါသည်။ ရေးဟန်သည်ဘာသာစကားကိုအနုပညာမြောက်အောင် မည်သို့အသုံးပြုထားသည်ကို လေ့လာခြင်းဖြစ်ပါသည်။ ဆရာတင်မိုး၏ ကျေးလက်ကဗျာရေးဟန်ကိုဘာသာစကားမှစာပေအဖြစ်ပို့ဆောင်ပေးသည့် စာသားရှုထောင့်[၅] ဖြင့်လေ့လာတင်ပြမည်ဖြစ်ပါသည်။

### ၂၊ ၁။ စကားသုံးနှုန်းဟန်

စကားသုံးနှုန်းဟန်သည် ရေးဟန်စိစစ်မှုတွင်အခြေခံအကျဆုံးဖြစ်သည်။ ရေးဟန်ပညာလေ့လာရာတွင် ဘာသာစကားကို မည်သို့အသုံးပြုထားသည်ကို လေ့လာရန်လိုအပ်သကဲ့သို့ ကဗျာတွင်ပါသော စာရေးသူ၏ အရေးအသားစကားအသုံးအနှုန်းလိုက်ဖက်ဆီလျော်မှု ရွေးချယ်သုံးနှုန်းတတ်မှုလိုအပ်ပုံကို လေ့လာရန်လိုအပ်ပါသည်။ စကားသုံးနှုန်းနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)ကစကားပြေသဘောတရား စကားပြေအတတ်ပညာစာအုပ်တွင်

> စကားအသုံးအနှုန်းလေ့လာမှုတွင် အရေးပါသောမှတ်ကျောက်တစ်ခုကား
> လိုက်ဖက်ဆီလျော်မှုပင်ဖြစ်သည်။[၆]ဟူ၍လည်းကောင်း၊
> စကားတစ်လုံးသည် လိုက်ဖက်ဆီလျော်သည့်နေရာတွင် အသုံးပြုခံရလျှင်
> ယင်း၏စွမ်းရည်သတ္တိသည် ထက်မြက်ထင်ရှားနေမည်ပင်ဖြစ်သည်။[၇]

ဟူ၍လည်းကောင်း မိန့်ဆိုထားပါသည်။ ထိုကြောင် စာတစ်ပုဒ်ရှိ အကြောင်းအရာနှင့်လိုက်ဖက်သော စကားအသုံးအနှုန်းကို ဆီလျော်အောင်အသုံးပြုပါက စာပေအာနိသင်မည်သို့ပေါ်လွင်လာမည်ကို လေ့လာဖော်ထုတ်လျှင် စကားသုံးနှုန်းဟန်ပို၍ ထင်ရှားလာမည်ဖြစ်ပါသည်။ ဤစာတမ်းတွင် အလေ

---

[၁]Lucas

[၂] Lucas,F.L, 1964, 11.

[၃]ဇေယျ၊ ၁၉၇၄၊ ၈၄။

[၄]တာရာ၊ ဒဂုန်၊ ၁၉၆၇၊ ၇၅။

[၅]textual point of view

[၆]ခင်မင်၊ မောင်၊(ဓနုဖြူ)၊ ၂၀၀၉၊ ၁၂၂။

[၇]– ယင်း – ။

လာခဲ့ ကျေးလက်ကဗျာများပေါ်မူတည်၍ စကားလုံးများကိုလိုက်ဖက်ဆီလျော်အောင် အနက်ပြစကားလုံးနှင့်အသုံးပြစကားလုံး၊ ဝိသေသသုံးစကားလုံးနှင့်ယေဘုယျသုံးစကားလုံး၊ လှုပ်ရှားမှု ပြစကားလုံး နှင့်ဖြစ်ရပ်အခြေအနေပြစကားလုံး၊ အသုံးကွဲစကား၊ လုံးချင်းအသုံးနှင့်လုံးတွဲအသုံး စသည့်စကားသုံးနှုန်းများဖြင့် ကဗျာရေးဟန်ကိုလေ့လာတင်ပြမည်ဖြစ်ပါသည်။

ဆရာတင်မိုးသည် သူ၏ကျေးလက်ကဗျာများတွင် မိမိမြင်တွေ့ခဲ့ရသည့် သဘာဝဝန်းကျင်ကို ပကတိအရှိအတိုင်းဖွဲ့ဆိုခဲ့သူဖြစ်ပါသည်။မိမိခံစားချက်များကိုကဗျာတွင်ထည့်သွင်းကာကျေးလက်ချစ်စိတ်ကိုဖော်ပြခဲ့သူဖြစ်ပါသည်။ ဆရာတင်မိုးသည်အမိမြေအဖမြေ ၊ လက်ယက်တွင်းနှင့် ယမင်းပျိုမကြေးမုံတို့ရာ၊ တောကျေးလက်ကအပ်ချုပ်ဆိုင်၊ အညာကျေးစသည့်ကဗျာများတွင် အညာကျေးလက်တို့၏သဘာဝကိုထင်ဟပပြခဲ့သည်။ အမိမြေအဖမြေကဗျာတွင် မိဘနှစ်ပါးဇာတိဖြစ်သောအညာဒေသ ရေစကြိုမြို့ရှိ ရှင်မတောင်၏အခြေအနေကို

ရှင်မတောင်၊တောင်ညိုရိုပ်
ထန်းညိုရိုပ်၊တဝေဝေ ။[၁]

ဟူ၍ဖွဲ့ဆိုထားပါသည်။ ရေစကြိုရပ်ရှရှင်မတောင်အရပ်ဝန်းကျင်သည် သစ်ရိပ်ဝါးရိပ်များဖြင့်စိမ်းစိုညို့ မှိုင်းကာ ထန်းပင်များဝေဝေဆာဆာရှိသည့်သဘောကိုရှင်မတောင်၊ တောင်ညိုရိုပ်၊ ထန်းညိုရိုပစသည့် အနက်ပြစကားလုံး[၂]များဖြင့်ဖော်ပြထားရာ အညာဒေသ၏ဝန်းကျင်ကိုသတိပြုမိစေပါသည်။

အညာမြေကျေးရွာတောစပ်တွင်

ခြင်းယားတစ်ချုံ၊ခံတစ်ချုံနှင့်
ကင်းပုံတစ်သီး၊ ကျီးအာသီး။
တမာပင်လမ်း၊မြစောင်းတန်းလည်း
လေကြမ်းအတိုက်၊တဖြိုက်ဖြိုက်နှင့်
ဝိုက်ကာကြွေဆင်း၊ရွှေလိုဝင်း။[၃]

ဟူ၍ခြောက်သွေ့သောအညာဒေသတွင်ဖြစ်ထွန်းသည့် ခြင်းယားပင်၊ကင်းပုံပင်၊ ကျီးအာသီးပင်များသည် ချုံများသဖွယ်ပေါက်ရောက်နေကြသည့်အပြင် စောင်းတန်းသဖွယ်ဖြစ်နေသော တမာပင်များမှတမာပွင့် များလေအတိုက်တွင်ကြွေကျနေသောမြင်ကွင်းသရုပ်ကိုမြင်လာစေပါသည်။ ခြင်းယားတစ်ချုံ၊ ခံတစ်ချုံ၊ ကင်းပုံတစ်သီး၊ကျီးအာသီး၊ တမာပင်လမ်း၊ မြစောင်းတန်း၊ လေကြမ်း၊ ကြွေဆင်းစသော အနက်ပြစကားလုံးများ ထည့်သွင်းဖော်ပြထားသောကြောင့်အညာဒေသပုံရိပ်ကို အထင်အရှားမြင်ယောင် လာစေပါသည်။

အညာကျေးလက်ဒေသတွင်ရေရှားပါးမှုကြောင့် ကျေးလက်မိန်းမပျိုကလေးများသည် မြစ်ရေ ချောင်းရေ စပ်တွင် လက်ယက်တွင်းလေးများတူးကာ ရေချိုရရှိရန်ရေခပ်ကြရပါသည်။ ယင်းကို

ရေစပ်သဲစပ်၊ အမြဲခပ်သည့်
သနပ်ခါးကြူ၊ မပျိုဖြူ။
လက်နှင့်ယက်လည်း

---

[၁]တင်မိုး၊ ၁၉၇၇၊ ၁၂။
[၂]content word
[၃]တင်မိုး၊ ၁၉၇၇၊ ၃၃။

မထွက်စမ်းရေ၊ ခန်းပါလေပြီ။
ခန်းပင်ခန်းလည်း
စမ်းရေရနိုး၊ သောက်ရေအိုးနှင့်
မိုးချုပ်နေဝင်၊ ယက်မည်ပင်[၁]

ဟူ၍ဖွဲ့ဆိုထားသည်။ ကဗျာတွင် ရေစပ်သဲစပ်၊ မထွက်စမ်းရေ၊ သောက်ရေအိုး၊မိုးချုပ်နေဝင် စသည့် အနက်ပြစကားလုံးများကိုထည့်သွင်းသုံးနှုန်းထားသောကြောင့်အညာကျေးလက် မိန်းမပျိုလေးများ ရေခပ်ထွက်လေ့ရှိကြသည့်အသွင်ကိုပေါ်လွင်လာစေပါသည်။ ခပ်၊ ယက် ၊ ခန်း ဟူသည့် လုံးချင်းကြိယာအသုံးများကြောင့်အညာကျေးလက်ဒေသရေခက်ခဲမှုကိုပေါ်လွင်လာစေပါသည်။ အညာကျေးလက်မိန်းမပျိုလေးများ ရေခပ်ထွက်ရာတွင် ခရာခဲဆစ်ရရှိသောရေချိုကို မဖိတ်စင်ရအောင် သစ်ရွက်သစ်ခက်များကို ရေပြည့်အိုးထဲတွင်ထည့်ကာရေခပ်ကြပုံကို

ဘောင်ဘင်ခတ်အိုး၊ သစ်ရွက်ထိုးလျက်
ကိုးခေါက်ဆယ်ခေါက်၊ ရေခပ်ရောက်သည်
နေပျောက်သည်ထိ၊ လထွက်ထိ[၂]ဟူ၍လည်းကောင်း၊
ထနောင်းပင်မိုး၊ချောင်းခွင်ရိုး
ခေါင်းတင်အိုးနဲ့၊ မကြေးမုံ[၃]

ဟူ၍လည်းကောင်းဖွဲ့ဆိုထားသည်။ ဘောင်ဘင်ခတ်အိုး၊ သစ်ရွက်ထိုး၊ ခေါင်းတင်အိုးဟူသည အနက်ပြစကားလုံးများသည် ရေအိုးကိုရွက်၍ ရေခပ်ကြသည့် အညာဒေသအလေ့ကို ပေါ်လွင်လာ စေပါသည်။ ကဗျာတွင်ရေအိုးဟူသည့်ယေဘုယျသုံးစကားလုံး[၄]ကိုသာဖော်ပြခြင်း မဟုတ်ဘဲ သောက်ရေအိုး၊ ခေါင်းတင်အိုး၊ ဘောင်ဘင်ခတ်အိုးဟူ၍ ဝိသေသသုံးစကားလုံး[၅]များ ဖြင့် သရုပ်ဖော်ထားသည့်အတွက် အညာကျေးလက်မန်းမပျိုလေးများ သောက်သုံးရေကိုအိုးဖြင့်ခပ်သည့် သွင်ပြင်ကို ပေါ်လွင်လာစေပါသည်။ ထို့ပြင် မိုးချုပ်နေဝင်၊ နေပျောက်၊ လထွက် ဟူသည့် အချိန်ကာလကိုဖော်ပြသော အနက်ပြစကားလုံးများသည် ရေချုရရန်မိုးချုပ်နေဝင်သည်အထိ ရေခပ်ရ သော ကျေးလက်လုံမပျိုလေးများ၏သွင်ပြင်သရုပ်ကိုပေါ်စေပါသည်။ စာဆိုသည် ထနောင်းပင်မိုး ဟူသည‌အနက်ပြစကားလုံးကိုသုံးနှုန်းထားသောကြောင့် အညာဒေသ ကိုယ်စားပြုသည့် သင်္ကေတ အဖြစ်ထနောင်းပင်ကိုအညာနှင့်တွဲ၍မြင်ယောင်လာစေပါသည်။မိုးချုပ်နေဝင်ထိ လက်ယက်တွင်းမှ ရေခပ်ရသော်လည်း–

တစ်ခါတလေ
စမ်းရေမြမြ၊နှစ်မြုနှင့်မျှ
အိမ်ပြန်ရခဲ့[၆]

ဟူ၍လည်းကောင်း၊

အခွင့်သာသော်
ဟိုရွာကခပ်၊ သည်ကခပ်နှင့်
မပြတ်သွင်သွင်၊စမ်းရေရှင်[၇]

ဟူ၍လည်းကောင်းဖွဲ့ဆိုထားရာရေခပ်သော်လည်း အလုံအလောက်မရရှိပဲ မြုအိုးနှစ်အိုးစာမျှသာ ရရှိကြောင်း ကို နှစ်မြု ဟူသည့်ဒေသအသုံးကွဲဖြင့်ရေးဖွဲ့ပြခဲ့ပါသည်။ ထို အသုံးကြောင့် ရေနည်းပါးမှု ရေခက်ခဲမှုကိုပို၍ပေါ်လွင်စေပါသည်။ တစ်ခါတစ်ရံစမ်းရေများ ပေါ်များချိန်တွင်

---

[၁] – ယင်း –၊ ၁၆။
[၂] တင်မိုး၊ ၁၉၇၇၊၁၆။
[၃] – ယင်း –၊၂၀။
[၄] general word
[၅] specific word
[၆] တင်မိုး၊ ၁၉၇၇၊ ၁၆။
[၇] – ယင်း – ။

လက်ယကတွင်းမှ ရေများမပြတ်စီးဆင်းနေသည့်သဘောကို စာဆိုက စမ်းရေရှင်ဟူသည့် အနက်ပြစကားလုံးဖြင့် ကျစ်လျစ်စွာ တင်စားရေးဖွဲ့ထားသည်။ သောက်သုံးရေအတွက် ရွာတွင်နေ့စဉ် နေ့တိုင်း ရေခပ်ရသော အလုပ်ကို ဟိုရွာကခပ်၊ သည်ကခပဟူသောအပြောစကားဖြင့် ပေါ်လွင်အောင် ရေးဖွဲ့ပြနိုင်ခဲ့ပါသည်။

ထို့ပြင်ကဗျာတွင်စာဆိုကအညာကျေးလက် လုံမပျိုများကိုယ်စား မကြေးမုံနေ့စဉ်အလုပ်နှင့် လက်မပြတ် လုပ်ကိုင်ကြသည့်အခြေအနေကို –

နေ့မှာယာခင်း၊ညခါတွင်း
ဝါပခြင်းနှင့်မကြေးမုံ[၁]

ဟူ၍လည်းကောင်း၊

ယာထဲကိုဝင်၊ လယ်ပြင်သို့သွား
သူ့ရွာကိုသူဖန်ဆင်း၊ ပျင်းပါ့မလား[၂]

ဟူ၍လည်းကောင်းဖွဲ့ဆိုထားပါသည်။ ကဗျာတွင် ယာခင်း၊ ယာထဲ၊ ဝါပ၊ လယ်ပြင ဟူသည့်အနက်ပြစကားလုံးများကြောင့် ကျေးလက်လုံမပျိုများ ကောက်စိုက်ခြင်း၊ ယာခင်းသွားခြင်း၊ ဗိုင်းငင်ခြင်း၊ ဝါဖတ်ခြင်းစသောအမှုကိုဆောင်ရွက်ရသည့် ကျေးလက်ဓလေ့ကိုပေါ်လွင် လာစေ ပါသည်။ယာထကိုဝင်၊ လယ်ပြင်သို့သွား ဟူသည့်အဖွဲ့တွင် ဝင်၊ သွား ဟူသည့် လှုပ်ရှားမှုပြ လုံးချင်းကြိယာအသုံးများကြောင့် မိန်းမပျိုလေးများလယ်ထဲယာထဲ ဆင်းကြသည့် အမူအရာကို ထင်ရှားလာစေပါသည်။ အညာဒေသတွင်ခရီးသွားလာသည့်အခါ လှည်းယာဉ်များဖြင့်သာ သွားလာ ကြသည ဓလေ့ကို

ရွှေလင္ဒေစင်၊ ဝါကြင်ကြင်လည်း
သစ်ပင်ပေါ်၌၊ မေးတင်ခိုက်မို့
ဒုန်းရိုက်မောင်းရတော့မည်ကို။
ချောက်ကျင်းကုန်းခင်၊ တို့မမြင်က
လှည်းယဉ်မှောက်လိမ့်–လမ်းပျောက်လိမ့်။
နင်တံကိုမြှောက်၊ နွားကိုငေါက်ခိုက်
မိုးသောက်ရောင်နီ မြင်ခဲ့ပြီ။[၃]

ဟူ၍ဖွဲ့ဆိုထားသည်။ ဒုန်းရိုက်မောင်း၊ ချောက်ကျင်းကုန်းခင်၊ နင်တံ စသည့်ကျေးလက် အသုံးများ သည်ပြောဆိုရေးသားသူတို့၏နေထိုင်ရာဒေသနှင့် လူမှုအနေအထားကိုလိုက်၍ ကွဲပြားသော အသုံးကွဲစကား[၄] သုံးဟန်ပင်ဖြစ်ပါသည်။ ဒုန်းရိုက်မောင်းဟူသည့်အနက်ပြအသုံးသည် လှည်းယဉ် ကိုလိုရာခရီး ရောက်အောင်အလျင်အမြန်မောင်းနေသော လှည်းမောင်းသူ၏လှုပ်ရှားမှုနှင့် လှည်းယဉ် ၏လှုပ်ရှားမှုဟန်ကိုပေါ်လွင်စေပါသည်။ ထို့ပြင်ကဗျာတွင်မြှောက်၊ ငေါက် ဟူသည့်လှုပ်ရှားမှု ပြလုံးချင်းကြိယာအသုံးများ ထည့်သွင်းရေးဖွဲ့ထားခြင်းကြောင့် လှည်းယဉ်မောင်းသူ၏ ပြုမူလှုပ်ရှားမှုကို ပေါ်လွင်စေပါသည်။

ဆရာတင်မိုးသည် ရိုးရှင်းသောအနက်ပြစကားလးများ၊ ဝိသေသသုံးစကားလုံးနှင့်ယေဘုယျ သုံးစကားလုံးများ၊ လှုပ်ရှားမှုပြစကားလုံးများ၊ အသုံးကွဲစကားများ၊ လုံးချင်းအသုံးများဖြင့် ကျေးလက်ကဗျာများတွင်ထည့်သွင်းရေးသားထားခြင်းကြောင့် အညာဒေသဓလေ့သွင်ပြင်ကို ပေါ်လွင် စေပါသည်။ စာဆိုသည်ရိုးရှင်းသော ရပ်သုံးရွာသုံးစကားသုံးများ ကျေးလက်စကားသုံးများ ဖြင့်ထည့်သွင်း ထားခြင်းကြောင့် အနက်အားကောင်းစေပြီးဝမ်းစာအတွက်အလုပကိုမနား

---

[၁] တင်မိုး၊ ၁၉၇၇၊ ၂၀။
[၂] – ယင်း – ၊ ၂၁။
[၃] –ယင်း– ၁၁။
[၄]register

မနေကြိုးစား လုပ်ကိုင်ကြသော ကျေးလက်ရွာသူရွာသားများ၏ လူပ်ရှားမှုသွင်ပြင်တို့ကိုပေါ်လွင်လာစေပါသည်။

## ၂.၂။ အရေးဝါကျ အပြောဝါကျဟန်

အနက်အဓိပ္ပာယ်ပြီးပြည့်စုံမှုတာဝန်ကို ဝါကျကထမ်းဆောင်ရာတွင် စာစကားအစီအစဉ်ဖြင့်ပုံဖော်သောဝါကျ၊ နှုတ်ပြောစကားအစီအစဉ်ဖြင့်ပုံဖော်သောဝါကျဟူ၍တွေ့ရပါသည်။ ထို့သို့ဖြစ်ရခြင်းမှာ လူတို့သည်မိမိတို့ပြောလို အသိပေးလိုမှုဝေခံစားစေလိုသည်တို့ကို ထုတ်ဖော်ရာတွင်ဝါကျဖြင့်တင်ပြသောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်၍ဝါကျတွင်အရေးဝါကျနှင့် အပြောဝါကျဟူ၍ဟန်နှစ်မျိုးဖြစ်ပေါ်လာရပါသည်။ အရေးဝါကျအပြောဝါကျနှင့်ပတ်သက်၍–

> အရေးဝါကျဆိုသည်မှာ စာစကားဖြင့်ရေးသောဝါကျကို ဆိုလိုခြင်းဖြစ်သည်။[၁]

ဟူ၍လည်းကောင်း၊

> အပြောဝါကျဆိုသည်မှာ အပြောစကားဖြင့် ရေးသောဝါကျကိုဆိုလိုခြင်း ဖြစ်ပါသည်။[၂]

ဟူ၍လည်းကောင်း ရေးဟန်ပညာနိဒါန်းတွင်ဖွင့်ဆိုထားပါသည်။ အရေးဝါကျသည် စာစကားသုံးသောဝါကျ၊ အပြောဝါကျသည် နှုတ်ပြောစကားသုံးသောဝါကျဟု ယေဘုယျအားဖြင့် သတ်မှတ်နိုင်ပါသည်။

စာစကားသည် စကားပြောရာတွင်အသုံးမပြုတော့ဘဲ စာထဲမှာသာတွေ့ရသော စကားလုံးများသုံးသည့် အရေးဟန်ကိုဆိုလိုခြင်းဖြစ်ပြီး၊ ယခုခေတ်စကားပြောရာတွင် အသုံးပြုနေဆဲဖြစ်သော စကားလုံးများ သုံးသည့်ဟန်ကို အပြောဟန်ဟုဆိုလခြင်းဖြစ်ပါသည်။ ထိုကြောင့်အရေးဟန်နှင့်အပြောဟန်သည်
ဘာသာစကား၏အခြေခံသွင်ပြင်နှစ်ရပ်ဟုဆိုနိုင်ပါသည်။အရေးနှင့်အပြောတွင်ခြားနားသည့် သဘာဝများရှိပါသည်။ နာမ်နှင့်ကြိယာအသုံးတွင် အရေးနှင့်အပြောအကြားခြားနားချက်ကို အနက်ပြစကားလုံး ထက်အသုံးပြုစကားလုံးများတွင် ပိုမိုတွေ့မြင်ရပါသည်။

ဆရာတင်မိုးသည် ကျေးလကကဗျာများတွင် ကျေးလက်ပြည်သူများနေ့စဉ်လှုပ်ရှားနေမှုအကြောင်း များ ကိုဖွဲ့ဆိုရာတွင် အရေးဝါကျ(ရေးဟန်)များသာမက အပြောဝါကျ(ပြောဟန်)များကလည်း ထည့်သွင်းရေးဖွဲ့ထားသည်ကိုတွေ့ရပါသည်။ ကဗျာတွင်ရေစကြိုမြို့နယ်ရှိစာဆို၏ မိခင်မွေးဖွားရာ ဇာတိမုန်ညင်းကျေးရွာနှင့် ဖခင်မွေးဖွားရာဇာတိမြေဖြူရွာတို့တွင်ဆွေမျိုးများစုဝေး နေထိုင်ကြပါ သည်။ ထိုအရပ်ဒေသသို့အလည်ရောက်လာပါက အညာဒေသထွက် အစားအစာများ ဖြင့် ဧည့်ခံကြကြောင်းကို

> မုန်ညင်းက၊ အမေ့ရွာ
> အဖေ့ရွာ၊မြေဖြူကျေး
> သွေးချင်းများစွာ။
> ထန်းလျက်ခဲရယ်နဲ့

---

[၁]ခင်မင်၊ မောင်၊(ဓနုဖြူ)၊ ၂၀၁၁၊ ၁၁၃။
[၂]– ယင်း – ။

မြေပဲလှော်၊တစ်ဆုပ်စာ
မာပါစနှုတ်ခွန်း။[၁]

ဟူ၍ဖွဲ့ဆိုထားပါသည်။ အမေ့ရာ၊ အဖေရာ ဟူသောအပြောစကားတွင် အမေ အဖေ အပြောသုံးသည် အားကိုးလေးစားစိတ်များသာမက ဂုဏ်ယူသည့်ဟန်ကိုပေါ်လွင်စေပါသည်။ ထန်းလျက်ခဲရယ်နဲ့၊ မြေပဲလှော်တစ်ဆုပ်စာ ဟူသည့်အပြောစကားတွင် ဒေသထွက်ထန်းလျက်နှင့် လက်တစ်ဆုပ်စာ သာရှိသောမြေပဲလှော်ကိုကျွေးမွေးလိုကြသည့် အညာသူအညာသားတို့၏စေတနာကို ထိုပြောဟန် အသုံးများကြောင့်ပေါ်လွင်လာစေပါသည်။ထိုကဗျာတွင မာပါစနှုတ်ခွန်းဟူသည့်စာပေသုံးစကား[၂]သည် ဧည့်သည်များအပေါ်ကျန်းမာစေကြောင်းအလေးထားနှုတ်ဆက်သည့်အညာကျေးလက်နေသူတို့၏စိတ်သဘောကိုပေါ်လွင်စေသောကြောင့်စာဟန်လေးနက်မှုကိုဖြစ်ပေါ်စေပါသည်။

အမိမြေအဖမြေကဗျာတွင် ဆရာတင်မိုးသည် နံ့သာမြေအဖြစ်တင်စားသော ရေစကြို အထကကျောင်း၌ ပညာဆည်းပူးခဲ့သူဖြစ်သည်။ မိမိပညာသင်ရာဒေသကျောင်းကို ကောင်းသော ဂုဏ်သတင်းများဖြင့် မွှေးပျံ့စေလိုကြောင်းဆုတောင်းရာတွင်

ချစ်သောနံ့သာမြေ၏
ကျေးရူးတွေ၊အာရုံပြုပါခဲ့
နယ်မြေမှာကြွယ်စေသမှုငဲ့ပြင်
ဇေယျတုလိုရာအောင်လို့
ရှင်မတောင်ရနံ့မွှေးသည့်နယ်
မွှေးကြစေသား။[၃]

ဟု အပြောဟန်ပါသောအရေးဝါကျဖြင့်ရေးဖွဲ့ထားပါသည်။ တွေ၊ သမှုငဲ့၊ လို့ ဟူသည့် အပြောသုံးစကားလုံးများဖြင့်ရေးဖွဲ့ထားသည့် ကျေးရူးတွေ၊ ကြွယ်စေသမှုငဲ့ပြင်၊လိုရာအောင်လို့ ဟူသည့်ပြောစကားသည် တင်ရှိဖူးသောကျေးဇူးတရားများဆပ်ခြင်းဖြင့် နံ့သာမြေကို အောင်မြင် ကြွယ်ဝစေ လိုသောစာဆို၏စိတ်သဘောဆန္ဒကိုပေါ်လွင်စေပါသည်။ လက်ယက်တွင်းကယမင်းပျို ကဗျာတွင် လက်ယက်တွင်း၌ ရေခပ်ကြသည့်ကျေးလက်မိန်းမပျိုလေးများ ရေမရ၍ရိုးကွေ့များ တာရိုးများပေါ်မှ လက်လျော့ပြန်ခဲ့ကြပုံကို

အိုးပြည့်မရ၊ဟိုး...နေ့ကလည်း
ရိုးကွေ့ကကျော်၊တာရိုးပေါ်က
အဖော်တွေနှင့် ပြန်ခဲ့၏[၄]

ဟူ၍စာဟန်ဖြင့်ဖွဲ့ဆိုထားပါသည်။ လက်ယက်တွင်း၌ရေခပ်သော်လည်း အိုးပြည့်သည်အထိရေမရပုံကို ဟိုး...နေ့ကလည်းဟူသောပြောဟန်ဖြင့်ရေးဖွဲ့ပြခဲ့သည်။ ဟိုး...နေ့ဟူသညအပြောစကားသည် ရေမရ သည်မှာအလှမ်းကွာဝေးနေပြီဖြစ်သော အခြေအနေကိုပေါ်လွင်စေပါသည်။

အညာကျေးလက် မန်းမပျိုလေးများ မိုးချုပ်နေဝင်ရေခပ်ထွက်လေ့ရှိကြသည့်အသွင်ကို

လက်နှင့်ယက်လည်း
မထွက်စမ်းရေ၊ ခန်းပါလေပြီ။
ခန်းပင်ခန်းလည်း
စမ်းရေရနိုး၊ သောက်ရေအိုးနှင့်
မိုးချုပ်နေဝင်၊ ယက်မည်ပင်[၅]

---

[၁]တင်မိုး၊ ၁၉၇၇၊ ၁၂။
[၂]literary word.
[၃]တင်မိုး၊ ၁၉၇၇၊ ၁၅။
[၄]တင်မိုး၊ ၁၉၇၇၊ ၁၆။
[၅]– ယင်း –။

ဟူ၍ကဗျာတွင် လည်း၊ ပြီ၊ နှင့်၊ ပင ဟူသည့်အသုံးပြုစကားလုံးများဖြင့် အရေးဟန်ပေါ်လွင်အောင်ကဗျာကိုချိတ်ဆက်ရေးပြထားပါသည်။ ထိုသို့ရေးဖွဲ့ခြင်းကြောင့် လက်နှင့်ယက်ခပ်သော်လည်း စမ်းရေခမ်းနေ၍ရေမရရှိပုံ၊ မိုးချုပ်နေဝင်အထိစောင့်ဆိုင်းခပကြမည့် အညာသူလေးများ၏ဖွဲ့မလျော့သည့် အသွင်ကိုပေါ်လွင်စေသောရေးဟန်ဖြစ်ပါသည်။အရေးဝါကျဟန်ဖြင့်ရေးဖွဲ့ထားသောကြောင့်စာဟန်လေးနက်ခံ့ညားမှုရှိလာစေပါသည်။

အဘနဲ့အဘရွာကဗျာတွင် ကျေးလက်တောရွာများ၌ လူကြီးမိဘများကိုဆွေမျိုးသားချင်းကဲ့သို့ စောင့်ရှောက်ကြပုံကို

သမီးအငယ်၊အိမ်ထောင်သယ်က
နေ့လယ်နေ့ခင်း၊ခံတွင်းချင်ပြေ
အပျင်းပြေအောင်
အဖေလဲဝါး၊ညော့်လဲစားတဲ့
လက်ဖက်သားကလေးပို့ခဲ့တယ်[၁]

ဟူ၍အပြောဝါကျများဖြင့်ရေးဖွဲ့ထားသည။ အပျင်းပြေအောင်၊ အဖေလဲဝါးညော့်လစားတဲ့၊ လက်ဖက်သားကလေးပို့ခဲ့တယဟူသည့်အပြောဝါကျတွင် အောင်၊ တဲ့၊ ကလေး၊ ခဲ့တယတို့သည်အပြောဟန်ကိုပေါ်လွင်စေသော ပြောစကားနောက်ဆက်အသုံးများပင်ဖြစ်ပါသည်။ ယင်းအပြောသုံးများ ကြောင့်မိဘအပေါ်တတ်အားသမျှ ဖြည့်ဆည်းပေးသည့်သားသမီးတို့၏သိတတ်မှုကိုပေါ်လွင်လာစေပါသည်။အဖေလဲဝါးညော့်လဲစားတဲ့၊ လက်ဖက်သားကလေး ဟူသည့်ပြောဟန် ဝါကျသည် သမီးငယ်အပေါ်ဂုဏ်ယူနေသည့် ဖခင်တစ်ဦး၏ချစ်စိတ်ကိုပေါ်လွင်စေပါသည်။ ထို့ပြင်ကျေးရွာသူရွာသားများဝါတွင်းကာလတွင် သက်ကြီးဝါကြီးများအားကန်တော့လေ့ရှိကြသည်ကို

ဝါကျွတ်ရက်က
အညှက်ဖြူဆုပ်၊ပေါက်ပေါက်ဆုပ်တဲ့....
မွေးစုတ်တဘက်၊ချည်စောင်ကွက်တဲ့...
သက်ကြီးဝါကြီး၊ကန်တော့ကြတယ်။
ငှက်ပျောသီးနဲ့
အုန်းသီးတလုံး၊ ဘမသုံးဘူး
ဘုန်းကြီးလှူလိုက်ရသေးရဲ့။[၂]

ဟူ၍ရေးဖွဲ့ထားသည်။ ထန်းလျက်ဖြူကို အညှက်ဖြူ၊အမွေးပါသောတဘက်ကို မွေးစုတ်တဘက်ဟူ၍အညာဒေသပြောစကားအသုံးကွဲစကား[၃]ဖြင့်ရေးဖွဲ့ထားသောကြောင့် စာဟန်ကို သွက်လက်စေပါသည်။ ပေါက်ပေါက်ဆုပ်တဲ့၊ ချည်စောင်ကွက်တဲ့ပြောစကားတွင်တ ဟူသည့်အသုံးသည်ပါဝင်သောကန်တော့ပစ္စည်းများအားတစ်ခုချင်းပြောပြနေဟန်ကိုပေါ်လွင်စေပါသည်။ ဘမသုံးဘူး၊ လှူလိုက်ရသေးရဲ့ ဟူသောပြောဟန်တွင် မ––ဘူး၊ ရဲ့အသုံးပြုစကားလုံးများ ကြောင့် ကန်တော့ပစ္စည်းငှက်ပျောဖီး၊ အုန်းသီးများကိုကသိုလ်ပွားလှူဒါန်းလိုသည့် အဘ၏စေတနာကို ထင်ရှားစေသောပြောစကားဟန်ဖြစ်ပါသည်။ ထို့ပြင်ရွာရှိကာလသားများသည် ညအခါတွင်အဘ ထံလာ၍ပလွေ၊ မယ်ဒလင်၊ ဘင်ဂျိုများတီးကာသီချင်းဆိုကြသင်ကြ၊ ပုံပြင်များနားထောင်ကြသည်ကို –

ပလွေမယ်ဒလင်၊ဒေါင်ဒင်ဒင‌နဲ့
ဘင်ဂျိုဝိုင်းကညတိုင်းပ။
အဘအိုရဲ့
ပုံတိုပတ်စ၊ကြားချင်ကြသတဲ့

---

[၁]တင်မိုး၊ ၁၉၇၇၊ ၄၂။
[၂] – ယင်း –။
[၃]register.
[၄]တင်မိုး၊ ၁၉၇၇၊ ၄၃။

ညခင်းညခါ၊ဝိုင်းလို့လာတဲ့
ရွာကကလေး၊အဘမြေးတွေ
အေး...အေး...ပြောရသေးတာပ[၁]

ဟူ၍အပြောဝါကျများဖြင့်ရေးဖွဲ့ထားသည်။ပလွေ၊ မယ်ဒလင်၊ ဘင်ဂျိုများညတိုင်း တီးခတ်နေဟန်ကို ညတိုင်းပဟူသည့်ပြောစကားဖြင့်လည်းကောင်း၊အဘကကလေးများအား ပုံပြောမည့်သဘောကို အေး...အေး...ပြောရသေးတာပ ဟူ၍ အညာကျေးလက်ဒေသအပြောစကားလုံးပ ဖြင့်အဆုံးချ ရေးဖွဲ့သုံးနှုန်းထားသည်မှာ အညာဒေသရှိသက်ကြီးဝါကြီးများ၏လေသံဟန်ကိုပေါ်လွင်လာစေပါသည်။ ကလေးများပုံပြင်နားထောင်ချင်ကြသည်ကို ကြားချင်ကြသတဲ့၊ ဝိုင်းလို့လာတဲ့ဟူသည့် ပြောစကားများတွင်သတဲ့၊ တဲ့ ဟူသည့်ပြောဟန်ဝါကျ အဆားသတ်စကားလုံးများကြောင့် ကလေးများ ဗဟုသုတနှင့်ပြည့်စုံသည့်သက်ကြီးဝါကြီးများ၏ပြောစကားကိုစိတ်ဝင်တစားနားထောင်လိုသည့်ဟန်ပေါ် လွင်လာစေပါသည်။ ကဗျာတွင်နဲ့၊ ရဲ့၊သတဲ့၊ တဲ့၊ တွေ၊ ပဟူသည့်အသုံးပြု ပြောဟန် စကားသုံးများကြောင့်စာဟန်ကိုသွက်လက်လာစေပြီး အညာကျေးလက်ဒေသ ပြောဟန်ကို ထင်ရှား လာစေပါသည်။

မြို့တိုင်းရွာတိုင်းရှိလူကြီးသူမများသည် မိမိနေထိုင်ရာဒေသတွင်နောက်ဆုံးအချိန်အထိနေထိုင် လိုကြသည့်သဘာဝကို

ငါ့ရွာနားက
တစ်ဖဝါးတောင်၊ခွာနိုင်ပေါင်ဗျာ
နောင်ဘဝလည်း၊ဘမခွဲဖူး
ခုလည်းသည်မှာ ခေါင်းချမယ်။[၂]

ဟူ၍ ဆရာကြီးကမိမိခံစားချက်ကိုဖွဲ့ခဲ့ပါသည်။ တစ်ဖဝါးတောင်ခွာနိုင်ပေါင်ဗျာ၊ ဘမခွဲဖူး ဟူသည့် အရပ်သုံးပြောစကားဝါကျဟန်များဖြင့် ရေးဖွဲ့ထားရာမိမိနေထိုင်ရာဇာတိရပ်ရွာ အပေါ်တန်ဖိုးထား ချစ်ခင်သည့်စိတ်ကိုပေါ်လွင်လာစေသော အပြောဟန်ဖြစ်ပါသည်။ ခေါင်းချမယ် ဟူသည့်ပြောစကား တွင် ခေါင်းချဟူသည့်အနက်ပြအသုံးသည် စာပေသုံးစကားလုံးဖြစ်သည်။ ယင်းအသုံးကြောင့် မိမိရပ်ရွာမှမခွဲမခွာနေလိုသည့် အဘ၏ဆုံးဖြတ်ချက်ခိုင်မာမှုကိုပေါ်လွင်စေပြီး စာဟန်ကိုခညား လာစေပါသည်။ ဆရာတင်မိုးသည်တောကျေးလက်ကအပ်ချုပ်ဆိုင်ကဗျာတွင် ကျေးလက်တောရွာ၌ လယ်ယာလုပ်ငန်း၊ စက်ချုပ်လုပ်ငန်းတို့ဖြင့်လုပ်ကိုင် အသက်မွေးသောသူများလည်းရှိကြောင်း၊ စာရေးသူဖခင်သည် စာရေးသူတို့ငယ်စဉ်ဘဝက စက်ချုပ်ဆရာဖြစ်သည့်အားလျော်စွာ စက်ဆရာနှင့် စက်ချုပ်ထည်အပ်သူတို့ဆက်ဆံရေးကို သိရှိဟန်တူ၍ဤကဗျာကိုရေးဖွဲ့ခဲ့ဟန်တူပါသည်။ ကဗျာတွင် တောကျေးလက်စက်ချုပ်ဆိုင်သို့ မိခင်ဖြစ်သူကရဟန်းဘောင်မှထွက်လာသော သားဝတ်ဆင်ရန် ပေါ်ပလင်စကိုလက်စကချုပ်ပေးရန်၊ ပုံမကျမည်စိုး၍ခေတ်အလိုက် ချုပ်ပေးရန်ဘေးထိုးအိတ်နှစ်လုံး ထည့်ချုပ်ပေးရန် စက်ဆရာအားမှာကြားပုံကို

ကိုရင်လူထွက်၊ ငပိချက်ဖို့
လက်စကနော်
အပွမကြိုက်၊ ခေတ်အလိုက်ပေါ့
နို့က်ဖို့ဘေးထိုး၊အိတ်နှစ်လုံးနှင[၃]

ဟ၍ရေးဖွဲ့ထားသည်။ လက်စကနော်၊ အပွမကြိုက်ခေတ်အလိုက်ပေါ့ဟူသည့် အပြောဝါကျဟန်သည် လိုချင်သည့်ပုံစံရအောင်မှာကြားနေသည့်မိခင်ဖြစ်သူ၏စေ့စပ်သေချာမှုလေသကိုပေါ်လွင်စေပါသည်။ နို့က်ဖို့ဘေးထိုးဟူသည့်အပြောစကားသုံးသည် အညာဒေသသုံးစကားလုံးဖြစ်ပြီး ပိုက်ဆံထည့်ရန်

[၂] တင်မိုး၊ ၁၉၇၇၊ ၄၃။
[၃]–ယင်း– ၅၀ ။

လက်နှိုက်ရန်အင်္ကျီဘေးနှစ်ဖက်တွင်အိတ်ပုံစံထည့်ချုပ်ခြင်းဖြစ်ပါသည်။ယင်းပြောဟန်စကားသုံးကြောင့် ကျေးလက်ဒေသကိုရင်လူထွက်များ အပူဒဏ်ကိုအေးငြိမ်းစေသည့် ဘေးအိတ်ပါသောပေါ်ပလင်စ အကျကိုဝတ်ဆင်သည့်အလေ့ရှိကြောင်းသိရှိရပါသည်။

ထိပြင်မိခင်ဖြစ်သူကသမးကြီးမိညိုလှအတွက် စကဆရာထံပုံကျရန်အသေးစိတ်မှာကြားဟန်ကို

ကျုပ်သမီးလေ
အကြီးကောင်မ၊ မိညိုလှဖို့
ပွပွဖားဖား၊ခါးလည်းလုံလုံ
ပုံလည်းကျကျ၊တစ်ရေချလည်း
မကျုံ့ရအောင် ချုပ်ပေးတော[၁]

ဟ၍ဖွဲ့ဆိုထားသည်။ ကျုပ်သမီးလေ၊ အကြီးကောင်မမိညိုလှဖို့၊ မကျုံ့ရအောင်ချုပ်ပေးတော် ဝါကျများသည်ပြောဟန်ဝါကျများဖြစ်ပါသည်။ မိမိအားထားရမည့်သမီးဖြစ်ကြောင်းကို ကျုပ်သမီး၊ အကြီးကောင်မဟူသည့်အရပ်သုံးစကားဖြင့်ဖော်ပြသုံးနှုန်းထားသည်။ မိမိသမီးအထည်ပုံ ကျပြီးမကျုံ့ရအောင်ကိုယ်တိုင်စိတ်တိုင်းကျလာရောက်အပ်နှံသည့်သဘောကို မကျုံ့ရအောင်ချုပ်ပေးတော် ဟူ၍ စက်ဆရာအပေါ်အားကိုးသည့်လေသံကိုပါကြားယောင်စေသည့်ပြောဟန်ဖြစ်ပါသည်။အညာဒေသရှိအရွယ်ရောက်မိန်းကလေးများအင်္ကျီဝတ်လျှင် ခါးမပေါ်စေဘဲလုံလုံခြုံခြုံဝတ်ဆင်လေ့ရှိပုံကို ပွပွဖားဖား၊ ခါးလည်းလုံလုံ၊ ပုံလည်းကျကျ ဟူသည့်အနက်ပြလုံးထပစကားလုံးများဖြင့်ရေးဖွဲ့ ထားသောကြောင့် ရွတ်ဆိုရာတွင်အသံသာသည့်အပြင် အင်္ကျီ၏ပုံပန်းသဏ္ဍာန်၊ စေခိုင်းသည့်လေသံ ကိုပါကြားယောင်မြင်ယောင်လာစေပါသည်။

ဇနီးဖြစ်သူကခင်ပွန်းသည်အတွက် ဝတ်စရာအဝတ်ကောင်းမရှိ၍ အင်္ကျီကိုချုပ်ပေးရန်မှာကြားပုံတွင်

စက်ဆရာရေ
သဘက်ခါတော့၊ လာယူမှာနော်
ကိုအဝှာမှာ၊ ဝတ်စရာမရှိ
တော်အသိဘဲ။[၂]

ဟုရေးဖွဲ့ထားရာ ဝတ်ဆင်ရန်အဝတ်အထည်ပေါပေါများများမရှိသည့် ကျေးလကနေတို့၏ ချို့တဲ့မှုကိုမြင်တွေ့ရသည်။ စက်ဆရာရေ၊ လာယူမှာနော်၊ကိုအဝှာမှာဝတ်စရာမရ တော်အသိဘဲ၊ ဟူသည့် ပြောဟန်ဝါကျများသည် မိသားစုအခက်အခဲကိုသိသောစက်ဆရာထံလင်ယောကျ်ားအတွက် လက်ပူတိုက် ကာ အထည်အမြန်ရချင်သည့်လေသံနှင့် စက်ဆရာအပေါ်ရင်းနှီးမှုဟန်ကိုပေါ်လွင်စေသောအပြောဟန်ဖြစ်သည့်အတွက် စာဟန်ကိုသွက်လက်လာစေပါသည်။

စက်ဆရာအားခင်ပွန်းသည်အတွက် အင်္ကျီအမြန်ချုပ်ပေးရန်၊ ချုပ်ခပေးရန် ကျန်သေးပါက နောက်တစ်ပတ်ဈေးနေ့ရောက်မှယူရန်၊ မပေးနိုင်ပါက စာရင်းတို့မှတ်ထားရန် ပြောကြားပုံကို

အဲ–ကျန်တဲ့ချုပ်ခ
ငွေစကလေးဖြင့်
နောက်ဈေးပတ်မှ၊ ယူတာပ။
နောက်ဈေးပတ်မှ၊ မရသေးလည်း
ခဲတံကလေး၊တံတွေးဆွတ်ပြီး

[၁]တင်မိုး၊ ၁၉၇၇၊ ၅၀။
[၂]–ယင်း–။

တေးမှတ်ထားတော်၊ မြေပဲပေါ်မှပေးမပေါ့။
စိတ်ချပါတော် စိတ်ချပါ။[၁]

ဟူ၍ရေးဖွဲ့ထားသည်။ အဲ–ကျန်တဲ့ချုပ်ခ၊ ယူတာပ ပြောစကားဟန်တွင် အဲ၊ ယူတာပ တို့သည် အညာဒေသလေသံ အပြောစကားများဖြစ်ပြီး နောက်မှချုပ်ခယူပါရန်တောင်းဆိုသည့် သဘော သက်ရောက်သည့်အပြောဟန်ဖြစ်ပါသည်။ဈေးတစ်ပတ်တွင်းမှ စက်ချုပ်ခမပေးနိုင်သေးလျှင် ခဲတံကို တံတွေးဆွတ်ထားပြီးရေးမှတ်ထားစေလိုကြောင်းကို တေးမှတ်ထားတော်ဟူသည့် အပြောစကားဟန် ဖြင့်လည်းကောင်း၊ နောက်ဈေးတစ်ပတ်ကျော်၍မပေးနိုင်လျှင် မြေပဲပေါ်ချိန်မှသာကျန်သည့် ချုပ်ခ ငွေပေးမည်ဖြစ်ကြောင်းကို ပေးမပေါ့၊ချုပ်ခငွေအတွက်စိတ်ချနေရန်ကို စိတ်ချပါတော်၊စိတ်ချပါ ဟူသောပြောစကားဟန်ဖြင့်လည်းကောင်း၊ ရေးဖွဲ့ထားရာငွေကိုပြန်ဆပ်မည့်ကတိပေးပြောစကားသံသည် စာဟန်ကိုသွက်လက်စေပြီး ကျေးလက်သူတို့၏ရိုးသားသောဂုဏ် စိတ်ထားကိုပေါ်လွင်လာစေပါသည်။

ထို့ပြင်ရပ်ရေးရွာရေးနှင့်အလှူအတန်းကိစ္စများတွင် အလွယ်တကူဝတ်ဆင်ရန် အတွက်ဖျင်ပင်နီ တိုက်ပုံအင်္ကျီမရှိသောကြောင့် ပင်နီတိုက်ပုံတစ်ထည်ချုပ်ပေးရန် စက်ဆရာအားမှာကြားပုံကို

အဲတိုက်ပုံအင်္ကျီ၊ဖျင်ပင်နီမှာ
နာရအိတ်လည်း ပါချင်သယ်[၂]

ဟူ၍ ဖော်ကျူးထားပါသည်။အဲ တိုက်ပုံ၊ နာရီအိတ်လည်းပါချင်သယ် ဟူသောပြောဟန်ဝါကျတွင် ထိုခေတ်အခါကတိုက်ပုံအင်္ကျီချုပ်ရာတွင် နာရီအိတ်ကိုထည့်၍ချုပ်လေ့ရကြောင်း နာရီအိတ် ထည့်ခြင်း ဖြင့် ဂုဏ်တက်စေကြောင်းကို စက်အပ်သူကသိ၍ထည့်ချုပ်ပေးရန် တောင်းဆိုသည့် လေသံဟန်ကို ပေါ်လွင်စေပါသည်။ ဆရာတင်မိုးသည် ကျေးလက်ဒေသတွင်သာသုံးသော သယ်၊ ပ ဟူသည့် ညင်သာသောပြောဟန်အသုံးများကို ထည့်သွင်းရေးဖွဲ့ထားသောကြောင့် အညာကျေးလက်ဟန်ကိုမြင် တွေ့ရပါသည်။

ကျေးလက်ဒေတွင်ယာမြေတွင်ပျိုးကြဲရန်သွားသည့်အခါ အဝတ်ကြမ်းကိုသာဝတ်၍သွားရသည်။ ထိုအဝတ်ကြမ်းပေါက်ပြဲနေသောကြောင့် စက်ဆရာအားဖာထေးပေးရန်ပြောဆိုဟန်ကို

နယုန်လထဲ၊ နှမ်းကြီးကြဲတော့
တောထဲဝတ်စရာ၊အားတော့နာရဲ့
ဖာပေးပါအုံး၊ အင်္ကျီတစ်ပေါက်။
အခါလည်နီး၊ ကျူပ်သမီးဖို့၊
ဇီးကွက်အင်္ကျီလေးက တစ်ထည်တော့[၃]

ဟူ၍ရေးဖွဲ့ထားသည်။ကဗျာတွင်အားတော့နာရဲ့ဟူသည့်အပြောစကားသည် အထည်ဟောင်းကို ချုပ်ခိုင်း မိသောကြောင့် စက်ဆရာအပေါ်အားနာသည့် စိတ်ခံစားချက်ကိုဖော်ပြနေသော အသုံးဖြစ်ပါသည်။ ဖာပေးပါအုံးအင်္ကျီတစ်ပေါက်ဟူသည့်အပြောဝါကျသည်အသစ်ချုပ်ရန်မတတ်နိုင်၍ ဖာထေးပေးရန် တောင်းဆိုသည့်လေသံဟန်ကိုပေါ်လွင်စေပါသည်။ ကျူပ်သမီးဖို့၊ တစ်ထည်တော့ ဟူသည့် အပြောစကားသုံးသည် ထိုခေတ်ကပေါ်သော လက်အတွန့်ပါနောက်ကွဲကြိုးပါသော ဇီးကွက်အင်္ကျီ လေးကိုအခါလည်စအရွယ် သမီးလေးအတွက်အသစ်ချုပ်ပေးရန်ပြောသည့်လေသံမှာတက်ကြွသောဟန်ကိုပေါ်လွင်စေပါသည်။

---

[၂] – ယင်း–၊ ၅၁။
[၂]တင်မိုး၊ ၁၉၇၇ ၊ ၅၂။
[၃]–ယင်း–၊ ၅၁။

ဆရာတင်မိုးသည် တောကျေးလက်ကအပ်ချုပ်ဆိုင်ကဗျာတွင် အထည်အပ်နှသူတို့၏ နှုတ်ပြော စကားများကိုကဗျာတွင် —

ဈေးနေ့မီအောင်၊ ချုပ်ပေးဗျား
မကျို့ရအောင်၊ ချုပ်ပေးတော်
သီချုပ်ကလေး၊ ချုပ်ပေးနော်
ပွဲမီလမ်းမီ၊ ရပါရစေ
ထွာပြည့်တောင်ပြည့် အပ်ပါသတော်
ထုံမီစံမှု ပုံလည်းလှသတဲ့
မညာရချေ၊ နိုင်လှပေသတဲ့[၁]

ဟူ၍အပြောဝါကျများဖြင့်ဖွဲ့ဆိုထားပါသည်။ ချုပ်ပေးဗျား၊ ချုပ်ပေးတော်၊ ချုပ်ပေးနော အပြောစကားများသည်စက်ချုပ်ဆရာထံမိမိအထည်ကိုအထည်မကျို့အောင်ချုပ်ပေးရန်၊ ချုပ်ရိုးလှအောင်ချုပ်ပေးရန် အချိန်မီပြောဆိုသည့်လေသံများကို ဖော်ပြနေသည့်အပြောစကားသုံးဟန်များပင်ဖြစ်ပါသည်။ရပါရစေ ပြောစကားသည်ပွဲချိန်အမီဝတ်ရအောင်တောင်းဆိုသည့်လေသံကိုထင်ရှားစေပါသည်။ ထို့ပြင် အပ်ပါသတော်၊ ပုံလည်းလှသတဲ့၊ နိုင်လှပေသတဲ့ဟူသည့်အပြောဝါကျများတွင် သတော်၊ သတဲ့ ဟူသည့်အပြောစကားနောက်ဆက်အသုံးများသည် စက်ဆရာအပေါ်ယုံကြည်မှုရှိသောလေသံ၊ ချီးကျူးသောလေသံတို့ကိုဖြစ်ပေါ်စေသည့်အတွက် စာဟန်ကိုသွက်လက်စေပါသည်။

ဆရာတင်မိုးသည် ကျေးလကကဗျာများတွင် ကျေးလက်ပြည်သူများနေ့စဉ်လှုပ်ရှားနေမှု အကြောင်းများကိုဖွဲ့ဆိုရာတွင် စာရေးသူရှုထောင့်မှရိုးရှင်းသော အညာကျေးလက်အပြောဝါကျဟန် (အပြောစကား)များဖြင့်အများဆုံးသုံးနှုန်းရေးဖွဲ့ထားသောကြောင့် စာဟန်ကိုပေါ့ပါး သွက်လက်စေ ကြောင်း တွေ့ရပါသည်။ အရေးဝါကျဟန်(စာစကား)ဖြင့်သုံးနှုန်းထားမှု နည်းပါးသောလည်း စာဟန်ကိုလေးနက်စေပြီး စာဖတ်သူတို့သိလွယ်စေသည့် ရိုးရှင်းသောဝါကျများ ကိုသာ အသုံးများခြင်းသည် စာဆို၏ဟန်ပင်ဖြစ်ပါသည်။

## ၂၊ ၃ ။လေသံ

စာတစ်ပုဒ်ကဗျာတစ်ပုဒ်ရေးသားတင်ပြရာတွင် မိမိပြောလိုသူတို့အပေါ်အကျိုးသက်ရောက်မအတွက် လေသသည်အရေးပါလှသည်။ စာအရေးအသားတွင်ရေးသူ၏အသံကိုမကြားရသော်လည်း စကားလုံးရွေးချယ်ပုံ၊ စဉ်းစားဖြတ်တောက်ပုံ၊ အစီအစဉ်ချပုံစသည်တို့က စာရေးသူ၏လေသံ ကိုဖော်ပြနေတတ်ပါသည်။ ထို့ကြောင့်စာရေးသူက စာဖတ်သူအပေါ်ထားရသည့် သဘောထား နှင့်စာပေအကြောင်းအရာအပေါ်ထားသည့်သဘောထားတို့ကို သူ၏လေသံဖြင့် မည်သို့ဖော်ပြသည် ကို ဆန်းစစ်လေ့လာခြင်းသည်ရေးဟန်ကိုလေ့လာရာ၌ အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သည်။

မောင်ခင်မင(ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်းစာအုပ်တွင် လေသံနှင့်ပတ်သက်၍

စကားပြောရာတွင် ပြောသူဆိုလိုသော အဓိပ္ပာယ်ကို ပြောသည့် စကားလုံးများ၊ ပုဒ်များ၊ ဝါကျများသာမက အသံနေအသံထား ကလည်း ဖော်ပြနေသည်။[၂]

ဟူ၍ လည်းကောင်း၊ Oxford Advanced Learner’s Dictionary တွင်

လေသံသည် လူတစ်ယောက်၏ အသံတွင်ဖော်ပြနေသော ခံစားမှု

---

[၁]- ယင်း- ၊ ၅၃။
[၂]ခင်မင၊ မောင်၊(ဓနုဖြူ)၊ ၂၀၁၁၊ ၂၃၅။

> ဖြစ်သည်။ အထူးသဖြင့် ထူးခြားသော စိတ်ခံစားမှုကို ဖော်ပြခြင်း
> ဖြစ်သည်။ စာရေးခြင်းအပေါ် လမ်းခြုံထားသော အထွေထွေစရိုက်
> လက္ခဏာသဘောထားဖြစ်ရပ်လည်းဖြစ်သည်။[၁]

ဟူ၍ဖွင့်ဆိုထားပါသည်။ထို့ကြောင့် လေသံသည်ပြောသူ ဖော်ပြလိုသောခံစားမှုနှင့် အဓိပ္ပာယ်ကို ဖော်ဆောင် ပေးနိုင်သော အသံနေအသံထားပြောဆိုဟန်ကိုဆိုလိုခြင်းဖြစ်ပါသည်။

လေသံ၏သဘောသဘာဝနှင့်ပတ်သက်၍ ဦးမြင့်ကြည်က တက္ကသိုလ်မောင်မောင်ကြီး၏ နိုင်ငံတော်မျက်နှာ(မြန်မာစာဂျာနယ်)တွင်

> စာဖတ်သူအပေါ်၌ လည်းကောင်း၊ မိမိတွေ့မြင်ကြားကြုံသည်တို့
> အပေါ်၌လည်းကောင်း၊ စာရေးသူမည်သို့သဘောထားသည်၊ စေတနာ
> ပေါက်သည်ကိုသူ၏ လေသံကဖွင့်ပြောနေသည်။[၂]

ဟူ၍ရှင်းလင်းဖော်ပြထားပါသည်။ ရသစာပေကောင်းတစ်ပုဒ်ဖြစ်လာရန် လေသံသည်အရေးပါသကဲ့သို့ ပြောသူ၏လေသံသည်ပြောလိုသည့်အကြောင်းအရာနှင့် နားထောင်သူတို့အပေါ် ထားရှိသော ပြောသူ၏သဘောထားကို ဖော်ပြနိုင်ကြောင်းလေ့လာသိရှိရပါသည်။

ဆရာတင်မိုးသည် ကျေးလက်နေလုံမပျိုလေးတစ်ဦး၏ဘဝကိုမကြေးမုံတို့ရွာကဗျာဖြင့်ရေးဖွဲ့ တင်ပြထားသည်။ ညအခါလမင်းကြီးသည်အလင်းရောင်များကိုဖြန့်ကြက်ပေးထားပြီး ထိုအလင်းရောင် အောက်တွင် ကျေးလက်တောရွာလုံမပျိုလေးတစ်ဦး မောင်းထောင်းနေဟန်ကိုစာဆိုက

> ရွာနောက်ဖျားက မောင်းသံကြား
> မကြေးမုံတို့လား
> မကြေးမုံမှုန်နှံ့နှောင်းငယ်
> ပြောင်းရိုးအုူ ဖြူနားတောင်းနဲ့
> မောင်းထောင်းသန ထောင်းသနဲ့[၃]

ဟူ၍ရေးဖွဲ့ထားသည်။ရွာအနောက်ဖျားပိုင်းမှမောင်းထောင်းသံကြားရခြင်းမှာအလုပ်ကဲသော မကြေးမုံတို့လားဟူသောအမေးစကားသည်မကြေးမုံနှင့်ရင်းနှီးသည့်လေသကိုပေါ်လွင်စေပါသည်။ ထပြင် မောင်းထောင်းသနဲ့ထောင်းသနဟူ၍နှစ်ကြိမ်ဆင့်ကာရေးဖွဲ့ထားဟန်ကြောင့် မကြေးမုံအဆက် မပြတ် မောင်းထောင်းနေသည့်အပေါ် အံ့သြချီးကျူးသောစာဆို၏လေသံကိုပေါ်လွင်စေပါသည်။ ဆရာတင်မိုး သည်မကြေးမုံနှင့်ပတ်သက်၍

> ကာလသားလူမိုက်ခေါင်း
> မကြေးမုံမှုန်နှံ့နှောင်းကို
> လာချောင်းသနဲ့ချောင်းသနဲ့[၄]

ဟူ၍လည်းကောင်း၊

> မကြေးမုံ မှုန်နှံ့နှောင်းငယ်
> သွေးကောင်းသနဲ့ကောင်းသနဲ့
> ဓားတောင်းသနဲ့တောင်းသနဲ့[၅]

---

[၁]Oxford Advanced Learner's Dictionary, 1991, 1616.
[၂]မြင့်ကြည်၊ ဦး၊ ၁၉၇၄၊ ၉။
[၃]တင်မိုး၊ ၁၉၇၇၊ ၁၈။
[၄]–ယင်း–၊ ၁၉။
[၅]– ယင်း – ။

ဟူ၍လည်းကောင်းရေးဖွဲ့ထားသည်။ နွဲ့နှောင်းလှပသောမကြေးမုံကို ရွာရှိကာလသားများ က လူပျိုလှည့်လာရောက်ချောင်းမြောင်းကြသည်ကို လာချောင်းသနဲ့ ချောင်းသနဲ့ ဟူ၍ဖွဲ့ဆို ထားရာ အသိပေးလိုသောလေသကိုပေါ်လွင်စေပါသည်။မကြေးမုံတို့ရွာမြေစပ်နားတွင်ညစဉ် ခွေးအ တို့၏ အူသံကိုကြားသော်လည်းမကြေးမသည်ကြောက်ရ ထိတ်လန့်ခြင်းမရှိ ဓားကို အမြဲသွေးကာ အသင့် ဆောင် ထားကြောင်းကို သွေးကောင်းသနဲ့ကောင်းသနဲ့၊ ဓားတောင်းသနဲ့တောင်းသနဲ့ ဟူ၍ နှစ်ကြိမ်ဆင့်ကာရေးဖွဲ့ထားခြင်း ကြောင့်မကြေးမုံအပြုအမူပေါ်အားကျနှစ်လို သည့်လေသံကိုဖြစ် စေပါ သည်။

အညာကျေးလက်ဒေသတွင် ပြောင်း၊ စပါး၊ ပဲစဉ်းငုံ၊ နှမ်းများ စိုက်ပျိုးကြ၍ စီးပွားဖြစ်ထွန်း ချောင်လည်ကြသော်လည်း မိမိတို့အလုပ်အပေါ် နေထိုင်မှုအပေါ်ပျော်ရွှင်စွာနေကြသည့်သဘောကို

ကိုရင်တို့ရွာပြောင်းဖူးတော
စည်ဖြောသံသာသလေလေ့။
စပါးဖျာစာယက်တော့
ငှက်ခြောက်သံ သာသလေလေ့။
မကြေးမုံကြက်တောင်စည်းနဲ့
ထုပ်ဆီးသံသာသလေလေ့။
ပဲစင်းငုံနှမ်းပုံကြား
ဝါးသံကသာသလေလေ့။[၁]

ဟူ၍ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် သာသလေလေ့ ဟူသည့်အချသံများကြောင့် စည်ဖျော့သံ၊ ငှက်ခြောက်သံ၊ ထုပ်ဆီးထိုးသံ၊ ပဲနှမ်းတို့ကိုတုတ်ဖြင့်ရိုက်သံများ ကျေးလက်တွင်ညံစီနေသည်မှာ စာဖတ်သူတို့ကျေးလက်ဒေသလွတ်လပ်မှုအပေါ်အားကျသည့်လေသံကိုဖြစ်ပေါ်စေပါသည်။

ထို့ပြင်ကဗျာတွင် မကြေးမုံအား ကာလသားများစနောက်ကြသည့်အသွင်အပြင်ကို

နှမ်းပင်ကထောင် စည်းကြက်တောင်ဟော့
ကိုရင်ကလှောင် ဘေးကပြောင်
နှမ်းပင်ခေါင်ဖျား ထိမလား။[၂]

ဟူ၍ဖွဲ့ဆိုထားသည်။ ဟော့၊ ထိမလား အသုံးတို့သည် မကြေးမုံ၏ကြက်တောင်စည်းဆံပင်ကိုတို ထိကာ စနောက်နေသောကာလသားကိုရင်တို့၏သရော်လှောင်ပြောင်သံကိုကြားယောင်လာစေပါသည်။မကြေးမုံ သည်မိမိရက်ကန်းစင်တွင် အစိမ်းရောင်ကွက်အဆင်ဆန်းကို ရက်ချိန်းမှန်မှန်ရအောင်ကြိုးစားရက်နေသူ ဖြစ်ကြောင်းကို

ဂျက်ကလိန်ရျောင်းဂျင်း၊ပြောင်းတလင်း
မောင်းနင်းနေတဲ့၊ မကြေးမုံ
အစိမ်းကွက်ဆန်း၊ ဂျိမ်ရက်ကန်း
ချိန်းရက်မှန်းတဲ့၊ မကြေးမုံ[၃]

ဟူ၍ရေးဖွဲ့ခဲ့ပါသည်။ထိုအဖွဲ့တွင်ရျောင်း၊ ပြောင်း၊ မောင်း ဟူသည့် သံလေးသံများဆင့်၍ ဖွဲ့စပ် ထားဟန်ကြောင့် မကြေးမုံရက်ကန်းခတ်နေသံ အပြုအမူကိုမြင်ယောင်လာစေပါသည်။ မောင်းထောင်း ရာတွင်မြည်သောအသံ ဂျက်ကလန်ရျောင်းဂျင်းရက်ကန်းခတ်သဂျိမ်းဟူသောမြည်သံတို့ကိုထည့်သွင်း ထားသောကြောင့် ရက်ကန်းသံများဆူညံနေသံကိုသာမက စာရေးသူမကြေးမုံအလုပ်ကြိုးစားမှုသွင်ပြင် အပေါ်ဂုဏ်ယူနေသောလေသံကိုမြင်တွေ့ရပါသည်။

---

[၁] တင်မိုး၊ ၁၉၇၇၊ ၁၉။
[၂] – ယင်း – ။
[၃] – ယင်း –။

တောကျေးလက်ကအပ်ချုပ်ဆိုင်ကဗျာတွင်စာဆိုသည်

ဆန်ပျောက်ဆီပျောက်၊လူပါပျောက်၍
ငါးခြောက်ငါးခြမ်း၊အထည်ဆန်းနှင့်
ကူးသန်းသွာလာ၊ခေတ်ဆန်လာတော[၁]

ဟူ၍ဖွဲ့ဆိုထားသည်။ကဗျာရေးသည့်ခေတ်ကာလသည်တောရောမြို့ပါကူးသန်းသွားလာနိုင်သောကြောင့် ဒေသတွင်းအစားအသောက်များသာမက အခြားဒေသ၊ နိုင်ငံတို့၏အစားအသောက် အသုံးအဆောင် အဝတ်အထည်များကို လူအများခေတ်ဆန်ဆန်သုံးစွဲလာကြသည်။ ထိုအခြေအနေကို ဆန်ပျောက် ဆီပျောက်၊ လူပါပျောက် ၊ ခေတ်ဆန်လာတော့ဟူသည့် အပြောစကားများဖြင့် ဖွဲ့ဆိုထားရာ အညာကျေးလက်ဒေသတို့၏ ဓလေ့သဘာဝရိုးသားမှုများ ကွယ်ပျောက်မည်ကိုစိုးရိမ်သည့် စာရေးသူ ၏လေသံကိုမြင်တွေ့ရပါသည်။

အဘနဲ့အဘရွာကဗျာတွင် အညာကျေးလက်ရွာလေးသည် အဘနေထိုင်ရာဇာတိဖြစ်ခဲ့ပါသည်။ ထိုဇာတိမြေနှင့် မခွဲမခွါနေချင်သည့်သဘောကို

သည်မြေသည်ရွာ၊အဘရွာပေါ့
ရွာသူရွာသား၊အဘသားပေါ့
ရွာကကလေး၊အဘမြေးပေါ့
ငါ့ရွာနားက
တစ်ဖဝါးတောင်၊ခွာနိုင်ပေါင်ဗျာ[၂]

ဟူ၍ဖွဲ့ဆိုထားပါသည်။ သားသမီးရင်းများအဝေးသို့ရောက်နေသော်လည်း အဘနေထိုင်ရာဇာတိကျေးရွာ၊ရွာသူရွာသားများ၊ ကလေးများသည် အဘ၏ရွာအဘ၏သားမြေးများ သာဖြစ်ကြောင်းကို အဘရွာပေါ့၊ အဘသားပေါ့၊ အဘမြေးပေါ့ ဟူသည့်ပြောဟန်အချပိုဒ်လေးများဖြင့် ဖော်ပြထားရာ ကျေးရွာအပေါ်ချစ်ခင်အလေးထားသည့် အဘ၏ဂုဏ်ယူသံကိုပေါ်လွင်စေပါသည်။ ငါ့ရာနားက၊ တစ်ဖဝါးတောင်၊ ခွာနိုင်ပေါင်ဗျာ ဟူသည့်အပြောစကားများသည် ကျေးရွာတွင်သေသည်အထိ ခေါင်းချမည်အဘ၏ဆုံးဖြတ်ချက်ခိုင်မာသည့်လေသံကိုပေါ်လွင်စေပါသည်။

ဆရာတင်မိုးသည် ကျေးလက်ဒေသနှင့်လိုက်ဖက်သော အရပ်သုံးစကားပြောများ၊ အာမေဋိတ်များဖြင့်ရင်းနှီးပွင့်လင်းသည့်လေသံ၊ နှစ်လသည့်လေသံ၊အားကျဂုဏ်ယူသည့်လေသံ၊ စိုးရိမ်သည့်လေသံ၊ ခိုင်မာသည့်လေသံများဖြင့်ကျေးလက်ဓလေ့စရိုက်ကျေးလက်ဟန်ကိုပေါ်လွင်အောင် ရေးသားဖွဲ့ဆိုနိုင်ခဲ့ပါသည်။ စာရေးသူသည်ရင်းနှီးပွင့်လင်းစွာပြောပြသောလေသံကိုအားပြုကာ အညာဒေသအပေါ်အလေးထားသောခံစားချက်ကိုဖော်ထုတ်ပြခဲ့သည်မှာ ဆရာတင်မိုး၏ဟန်ပင်ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

စာဆိုတင်မိုးသည်ကျေးလက်ကဗျာများတွင် အများနားလည်လွယ်သည့် အရပ်သုံးစကားများဖြင့် လုပ်ငန်းဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာများကို ရိုးရှင်းသောအနက်ပြစကားလုံးများ၊ တင်စားသောဝိသေသသုံးစကားလုံးနှင့်ယေဘုယျသုံးစကားလုံးများ၊ လှုပ်ရှားမှုပြစကားလုံးများ၊အသုံးကွဲစကားများ၊ လုံးချင်းအသုံးများဖြင့်ကျေးလက်ဟန်ပေါ်လွင်အောင်ရေးဖွဲ့ပြနိုင်ခဲ့ပါသည်။ရာသီဥတုစီးပွားရေး ကြောင့် ခေတ်နောက်ကျနေမှုတို့ကို ထောက်ပြကာကျေးရွာ ချစ်စိတ်မျိုးချစ်စိတ်တို့ကို ပြောဟန်ဝါကျ (ပြောစကား) များဖြင့်အများဆုံးရေးဖွဲ့ထားဟန်ကိုတွေ့ရသည်။ အရေးဝါကျအပြောဝါကျဟန်တွင် ရပ်သုံးရွာသုံးဒေသသံပြောစကားများဖြင့်အများဆုံးရေးဖွဲ့ကာ ကျေးလက်နေသူတို့၏မတူညီသောအရွယ် မတူညီသောလုပ်ငန်းဆောင်တာအလိုက်ပြောဆိုသော လေသံပြောစကားဟန်များကြောင့် အညာ

---

[၁] – ယင်း –၊ ၅၃။
[၂] တင်မိုး၊ ၁၉၇၇၊ ၄၃။

ကျေးလက်ပြည်သူတို့၏ ဓလေ့ဟန်ကိုပေါ်လွင်လာစေပါသည်။ လေသံနှင့်ပတ်သက်၍ကျေးလက်ဒေသနှင့် လိုက်ဖက်သောအရပ်သုံး စကားပြောဟန်များကိုသုံးကာကဗျာတွင်ရင်းနှီးပွင့်လင်းသည့်လေသံ၊ စိုးရိမ်သည့်လေသံ၊ လေးစားအားကျသည့်လေသံများကိုအများဆုံးသုံးကာရေးဖွဲ့ထားသဖြင့် စာဟန်ကို သွက်လက်စေပြီး ဖတ်ရှုရလွယ်ကူစေခြင်းသည်ဆရာတင်မိုး၏ ရေးဟန်ပင်ဖြစ်ပါသည်။ ဆရာတင်မိုး၏ ကျေးလက်ကဗျာများမှာလေးဆစ်ကိုအခြေခံ၍လေးလုံးစပ်နဘေထပ်များ ၊ လေးလုံးထက် ပို၍ဖွဲ့စပ်ထားသော်လည်း ကာရန်ကိုထိမိအောင်အညာဒေသအရပ်သုံးစကား၊ ဝါကျ၊ လေသံများဖြင့် ပေါ့ပေါ့ပါးပါးဖွဲ့ဆိုထားနိုင်မှုသည်အညာကျေးလက်ကိုချစ်ခင်အလေးထားသော ကဗျာအပေါ် အလေးထားသောစာဆို၏ စေတနာကိုတွေ့မြင်လာစေပါသည်။

## နိဂုံး

ဤစာတမ်းသည် ဆရာတင်မိုး၏ တင်မိုးကဗျာပေါင်းချုပ်၊ ပုဂံကျောင်းကခေါင်းလောင်းသံ ကဗျာတို့ကိုလေ့လာဖတ်ရှုရင်းကျေးလက်ကဗျာများမှစာဆို၏ ရေးဟန်ကို လေ့လာတင်ပြလို၍ ရွေးချယ်ရေးသားခြင်းဖြစ်ပါသည်။ အညာဒေသရှိကျေးလက်ဓလေ့များ၊ ကျေးလက်အငွေ့အသက်များ၊ ကျေးလက်လူမှု ဘဝကိုမြတ်နိုးတန်ဖိုးထားသော ကျေးလက်ကိုချစ်ခင်စိတ်ရှိသော ဆရာတင်မိုး၏ ဘဝကိုလေးစားအားကျစိတ်ဖြင့် စာဆို၏ ကဗျာရေးဖွဲ့ဟန်ကိုသိရှိစေရန် ကျေးလက်ကဗျာများကိုကိုးကား၍လက်လှမ်းမီသမျှမိမိတတ်စွမ်းသမျှတစ်ထောင့်တစ်နေရာမှ သင်ကြားရေး အထောက်အကူဖြစ်စေ ရန်လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊မောင်(ဓနုဖြူ)။(၂၀၀၉)။ *စကားပြေသဘောတရား စကားပြေအတတ်ပညာ* (ပဥ္စမအကြိမ်)။ ရန်ကုန်၊ပန်းရွှေပြည်စာအုပ်တိုက်။

ခင်မင်၊မောင်(ဓနုဖြူ)။(၂၀၁၁)။ *ရေးဟန်ပညာနိဒါန်း*။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ဇေယျ။ ( ၁၉၇၄)။ *မြန်မာ့မျက်ပွင့်စာဓလေ့*။ ရန်ကုန်၊ စာမွေ့သူပုံနှိပ်တိုက်။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ *စာပေသဘောတရား၊ စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု*။ ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်။

မြင့်ကြည်၊ ဦး။ (၁၉၇၄)။ *တက္ကသိုလ်မောင်မောင်ကြီး၏ နိုင်ငံတော်မျက်နှာ*။ မြန်မာစာဂျာနယ်၊ ရန်ကုန်၊မြန်မာစာဌာန(ရန်ကုနတက္ကသိုလ်)။

တင်မိုး။ (၁၉၇၇)။ *ပုဂံကျောင်းကခေါင်းလောင်းသံ*။ ရန်ကုန်၊ သီဟရတနာပုံနှိပ်တိုက်။

တင်မိုး။ (၂၀၁၆)။ *ကဗျာပေါင်းချုပ်-၁* (ဒုတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

Lucas,F.L, (1964), ***Style***, London, Pan Books.

***Oxford Advanced Learner's Dictionary***,(1991) ,Fourth Edition Oxford , University Press.